**FOR IMMEDIATE RELEASE**

**ဆက်သွယ်ရန်**

Japan: Tatsuya Moriki
Hitachi, Ltd.
+81-3-5208-9325
tatsuya.moriki.cs@hitachi.com

Myanmar: ဦးကျော်မင်းထွန်း
Soe Electric & Machinery Co., LTD.
+95 9 8601343
kyawminhtun@soeelectric.com

# Hitachi Soe Electric & Machinery ၏ စီးပွားရေးလုပ်ငန်းများ စတင်ခြင်း

*Hitachi ၏ Transformer နည်းပညာများနှင့် SEM ၏ ပြည်တွင်းစီးပွားရေး ကျွမ်းကျင်မှုများကို ပေါင်းစပ်ကာ မြန်မာနိုင်ငံ၏ စွမ်းအင်ယန္တရားတိုးတက်မှုကိုကူညီထောက်ပံ့ရန်ရည်ရွယ်လျက်*

## တိုကျိုမြို့၊ ၂၀၁၅ခုနှစ် အောက်တိုဘာလ (၁) ရက်

Hitachi Industrial Equipment Systems Co.,Ltd (HIES) ၏ President Mr. Aoki Masakazu နှင့် Soe Electric & Machinery Co.,Ltd (SEM) ၏ Managing Director ဦးကျော်မင်းထွန်း တို့ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် Distribution Transformer , Power Transformer စသည်တို့ နှင့် သက်ဆိုင်သော Joint Venture Company Hitachi Soe Electric & Machinery Co.,Ltd ( HI-SEM) အား စတင်တည်ထောင်မည့် လက်မှတ်ရေးထိုးခြင်းအား ၂၀၁၅ ခုနှစ် ဂုလပိုင်း ဂုရက် နေ့ တွင် ပြုလုပ်ခဲ့ပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက် တရားဝင် ရရှိရန်အတွက် လိုအပ်သည့် လျှောက်ထားမှုများပြုလုပ်ခဲ့ပြီး ၁၀ လပိုင်း ၁ ရက်နေ့ တွင် Hitachi SEM Company ၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များအား စတင်မည် ဖြစ်ပါသည်။

HIES နှင့် SEM ကုမ္ပဏီတို့သည် (၂၀၁၂) ခုနှစ်ကတည်းက “Amorphous Transformers” ဖန်တီး ထုတ်လုပ်မှုနှင့် ပတ်သက်၍ စက်မှု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ၊ ဖလှယ်မှုများ ရှိခဲ့ပါသည်။ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် အကျိုးတူဖက်စပ်ကုမ္ပဏီ တည်ထောင်မှုသည်လည်း ရှေ့အနာဂတ်တွင် ကုမ္ပဏီနှစ်ခု၏ ပူးပေါင်းဖလှယ်မှုများ ပိုမိုချောမွေ့ ရန်၊ တိုးတက်ကြီးပွားနိုင်စေရန် ဖြစ်ပါသည်။ ဤအကျိုးတူ ဖက်စပ်ကုမ္ပဏီ၏ အမည်သည် Hitachi Soe Electric & Machinery Co., Ltd. (Hitachi SEM) အဖြစ် သဘောတူသတ်မှတ်ထားသည်။ Hitachi SEM သည် SEM ၏ Transformer ဆိုင်ရာစီးပွားရေးကို လုံးဝလက်လွှဲယူ၍ မြန်မာနိုင်ငံတွင် လျှပ်စစ်ဖြန့်ဝေရေးတွင် မရှိမဖြစ်အရေးပါသော Transformer နှင့် ဆက်စပ်ပစ္စည်းများကို ဒီဇိုင်း၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တပ်ဆင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးအားလုံးကို တာဝန်ယူဆောင်ရွက်ပါမည်။

မြန်မာနိုင်ငံ၏စီးပွားရေး လျှင်မြန်စွာတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းဓာတ်အား လိုအပ်ချက်သည်လည်း ဆတူ တိုးတက်လာသည်ဖြစ်ရာ ထိုလိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်မည့် စွမ်းအင်အခြေခံအဆောက်အအုံများ တည်ဆောက်ရန် အဓိကကိစ္စရပ်တစ်ခု ဖြစ်လာသည်။ လျှပ်စစ်ဓာတ်အားမလုံလောက်ခြင်း၊ ပြတ်တောက်ခြင်းများသည် စက်မှုစီးပွား တိုးတက်ရေးကို များစွာ နှောင့်နှေးစေနိုင်သဖြင့် မြန်မာနိုင်ငံသည် ယခုအခါ စွမ်းအင်ထုတ်လုပ်ရေး အဆောက်အအုံများ အပြင် လျှပ်စစ်လွှဲပြောင်းရေးနှင့် ဖြန့်ဖြူးရေးကွန်ယက်များကိုလည်း တည်ဆောက်လျှက်ရှိသည်။ အဆိုပါ အခြေအနေသည် တည်ငြိမ်သော လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သည့် အရည်အသွေးမြင့် Transformer များ အပါအဝင် လျှပ်စစ်ထုတ်ဝေရေးနှင့် ဖြန့်ဖြူးရေး ကိရိယာများ လိုအပ်ချက်ကို မြင့်တက်လာစေသည်။

Hitachi SEM ကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် HIES နှင့် SEM တို့သည် SE M ၏ ခိုင်မာသော ပြည်တွင်းစီးပွားရေး အင်အားနှင့် HIES ၏ စက်မှုနည်းပညာတို့ကို ပေါင်းစပ်ကာ အရည်အသွေးမြင့် Transformer များ ထုတ်လုပ်၍ ပြည်တွင်း သာမက ပြည်ပ ASEAN နိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် စက်မှုနည်းပညာသစ်များဖြင့် ပြည်တွင်းထုတ် Transformer များနှင့် ဆက်စပ်ပစ္စည်းများ ပိုမိုကျယ်ပြန့်စွာ အသုံးဝင်လာခြင်းအားဖြင့် ပြည်ပမှ ၎င်း ပစ္စည်းများ တင်သွင်းနေရမှုကို လျှော့ချရန်လည်း ရည်ရွယ်ပါသည်။

HIES နှင့် SEM တို့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်ထုတ်ဝေဖြန့်ဖြူးရေး လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်း သွားရန် ရည်စူးပါသည်။

*1 Amorphous transformers ဆိုသည်မှာ Transformer ၏ စတီး core ထဲတွင် amorphous alloys သုံး၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ ထိုသို့ တည်ဆောက်ထားသော Transformer များသည် လျှပ်စစ်ဓာတ်အား ဖြန့်ဝေစဉ် ဆုံးရှုံးမှုကို သာမာန် Transformer များထက် များစွာလျှော့ချနိုင်ပါသည်။

## ဦးကျော်မင်းထွန်း Vice Chairman (Hitachi SEM) မှ ပြောကြားသည့် စကား

"လက်ရှိမြန်မာနိုင်ငံမှာ စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်တွေ အရှိန်အဟုန်မြင့်တိုးတက်လာနဲ့ ထပ်တူ ပြည်တွင်းဓာတ်အား လိုအပ်ချက်ကလည်း ဆတူ တိုးတက်လာတာဖြစ်လို့ အဲဒီလိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်မယ့် စွမ်းအင် အခြေခံ အဆောက်အအုံများ တည်ဆောက်ဖို့ အဓိကကိစ္စရပ်တစ်ခု ဖြစ်လာပါတယ် ။ လက်ရှိတည်ထောင်မယ့် **Hitachi SEM Company** သည်လည်း မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အားဖြည့်နိုင်ရန် Hitachi ၏ နည်းပညာများ၊ ကောင်းမွန်လှသော အတွေ့အကြုံများကို အခြေခံပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် New JV Company အနေဖြင့်လည်း လက်ရှိပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြသော လူငယ်အရင်းအမြစ်တွေကို နည်းပညာဆိုင်ရာ စီးပွားရေး အတွေ့အကြုံများ မျှဝေပေးပြီး ပြည်တွင်း အလုပ်အကိုင် ပြန်လည်ရရှိရေးကို ထောက်ပံ့ပေး သွားမှာ ဖြစ်ပါတယ်။"

## Katsutoshi Inagaki, Managing Director (Hitachi SEM) မှ ပြောကြားသည့် စကား

"ယနေ့ **Hitachi SEM Company** ရဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းများစတင်နိုင်တဲ့အတွက် အရမ်းပဲ ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ Hitachi Group အနေဖြင့် ထရန်စဖော်မာဟု ဆိုနိုင်မည့် လျှပ်စစ်ထုတ်ကုန်များအား နှစ်ပေါင်းများစွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလို ဖြန့်ချိရာမှာ ဂျပန်တစ်နိုင်ငံတည်းသာမကပဲ ကမ္ဘာနဲ့တစ်ဝှန်း ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ တစ်ဖန် SEM Company ကလည်း မြန်မာနိုင်ငံမှာ ထိပ်ဆုံးမှ ရပ်တည်နေနိုင်တဲ့ Company ကြီး ဖြစ်ပြီး ဝယ်ယူသူများရဲ့ယုံကြည်မှုအား အပြည့်အဝရရှိထားတဲ့ Company တစ်ခုဖြစ်တာကြောင့် အသစ်ဖြစ်ပေါ်လာမယ့် New Company မှာလည်း အခု Company နှစ်ခုရဲ့ အားသာချက်တွေ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်း ဓါတ်အား ဖြန့်ဖြူးရေးကို တဖက်တလမ်းမှ ထောက်ပံ့ပေးနိုင်အောင် ကြိုးစားသွားပါမယ် ။ နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများသို့ ပါ တင်ပို့ ရောင်းချသွားမယ်လို့ ပြောကြားချင်ပါတယ်။"

**Hitachi SEM ၏ အဓိကအချက်များကို ဖော်ပြခြင်း**

| | |
|---|---|
| Corporate အမည် | Hitachi Soe Electric & Machinery Co., Ltd. |
| ရုံးချုပ် | ရန်ကုန်၊ မြန်မာ |
| မြှုပ်နှံငွေ ပမာဏ | အမေရိကန်ဒေါ်လာ ၄၅,၀၀၀,၀၀၀ (Hitachi Group: ၅၁% ၊ SEM: ၄၉%) (၂၀၁၆ ခုနှစ် မတ်လကုန် tentative ရင်းနှီးမြှုပ်နှံမှုအချိုးအဆ) |
| ဥက္ကဋ္ဌ | Mr. Katsutoshi Inagaki အုပ်ချုပ်မှုဒါရိုက်တာ |
| အဓိကလုပ်ငန်း | ပုံစံရေးဆွဲခြင်း ၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တပ်ဆင်ခြင်းနှင့် စွမ်းအင်ဖြန့်ဖြူးရေး၊ လွှဲပြောင်းရေး ကိရိယာများ ထိန်းသိမ်းပြင်ဆင်ခြင်းနှင့် အခြားထုတ်ကုန်များ |
| ဝန်ထမ်းအရေအတွက် | ၄၀၀ ခန့်(စတင်တည်ထောင်ချိန်) |

**Hitachi Industrial Equipment Systems Co., Ltd အကြောင်း**

HIES သည် ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး Hitachi Ltd. မှ 100% ပိုင်ဆိုင်သည့် လက်အောက် ကုမ္ပဏီဖြစ်သည်။ HIES မှ စက်မှုသုံး လျှပ်စစ်ကိရိယာမျိုးစုံကို ထုတ်လုပ်ရောင်းချ ပြင်ဆင်ပါသည်။ ၎င်းကိရိယာမျိုးစုံတွင် Hitachi Group မှ လွန်ခဲ့သည့် နှစ်၁၀၀ခန့် ကတည်းက ထုတ်လုပ်ရောင်းချခဲ့သည့် စက်မှုသုံး မော်တာအမျိုးမျိုးလည်း အပါအဝင်ဖြစ်သည်။ Transformer ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သတ်၍ HIES သည် ဂျပန်နိုင်ငံတွင် ဈေးကွက်ဝေစု ကောင်းမွန်စွာရယူထားနိုင်ပြီး ပြည်ပနိုင်ငံများနှင့်ပါ ဖက်စပ်သဘောတူထုတ်လုပ်မှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ အကျိုးတူ ဖက်စပ်ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့ပြီးဖြစ်သည်။ အသေးစိတ် အချက်အလက်များကို http://www.hitachi-ies.co.jp/english တွင် ကြည့်ရှုနိုင်ပါသည်။

**Hitachi, Ltd အကြောင်း**

Hitachi, Ltd. (TSE: 6501) သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ရုံးစိုက်၍ စက်မှုတီထွင်ဆန်းသစ်မှုများဖြင့် ကမ္ဘာ့အနှံ့အပြားတွင် ပုံမှန်ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်သည့် လျှပ်စစ်ကိရိယာများကို ထုတ်လုပ်ပါသည်။ Hitachi ကုမ္ပဏီ၏ စုစုပေါင်းစီးဆင်းငွေပမာဏသည် ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် (၂၀၁၅၊ မတ်လ၊ ၃၁ ရက်အထိ) ယန်းငွေ ၉၇၆၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၁.၃ ဘီလီယံ) ဖြစ်သည်။ Hitachi သည် လူထုအကျိုးပြု တီထွင်ဆန်းသစ်မှုများဖြစ်သည့် စွမ်းအင်နှင့် အခြေခံ အဆောက်အအုံစနစ်များ၊ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးစနစ်များ၊ ဆောက်လုပ်ရေးသုံးစက်ပစ္စည်းများ၊ အရည်အသွေးမြင့် ပစ္စည်းနှင့် စက်အစိတ် အပိုင်းများ၊ အလိုလျောက်ရွေ့လျားမှုစနစ်များ၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများကို ဦးစားပေး ကြိုးပမ်းနေပါသည်။ Hitachi နှင့် ပတ်သတ်သည့် အချက်အလက်များကို ကုမ္ပဏီ၏ website ဖြစ်သော http://www.hitachi.com တွင် ကြည့်ရှုနိုင်ပါသည်။

**Soe Electric & Machinery Co., Ltd အကြောင်း**

SEM ကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရန်ကုန်မြို့ ၊ မြန်မာနိုင်ငံတွင် ရုံးစိုက်ကာ လျှပ်စစ်ထုတ်ဝေ ဖြန့်ဖြူးရေးဆိုင်ရာ Transformer ထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်ပါသည်။ SEM သည် Transformer ၊ Switchgear နှင့် အခြားလျှပ်စစ်ထုတ်ကုန်များကို ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ပါသည်။ SEM သည် မြန်မာနိုင်ငံဈေးကွက်တွင် Transformer များ ဖြန့်ဖြူးခြင်းအတွက် ဈေးကွက်ဝေစုများစွာ ရရှိထားပါသည်။ SEM သည် ၂၀၁၀ခုနှစ်တွင် ISO 9001:2008 QMS ရရှိထားပါသည်။ SEM သည် ၂၀၁၃ ခုနှစ်တွင် ISO 14001:2004 EMS ရရှိခဲ့သည့် ပထမဆုံး လျှပ်စစ် Transformer ကုမ္ပဏီ ဖြစ်ပါသည်။ SEM သည် ၂၀၁၃ ခုနှစ်ကတည်းက နယ်သာလန်နိုင်ငံမှ ကမ္ဘာကျော် Transformer ထောက်ခံချက် ပေးသောအဖွဲ့အစည်းတစ်ခုဖြစ်သည့် KEMA ၏ အသိအမှတ်ပြုခံရပြီး ဝယ်ယူသူများကို ဝန်ဆောင်ပေးမှု ပိုမိုတိုးတက်စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ဥပမာအားဖြင့် Hitachi Industrial Equipment Systems Co.,Ltd နှင့် ပူးပေါင်း၍ Amorphous Transformer များ ထုတ်လုပ်ခြင်း ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို http://www.soeelectric.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

###